# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၃၀ - ၁ - ၂၀၁၂ ]

## ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ နိုင်ငံတော်သမ္မတ က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့သည့် သဝဏ်လွှာကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ထားရှိကြောင်း ကြေညာခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်နှင့် သံတောင်မြို့နယ်ရှိ ဖာလာစိုက်ဧရိယာအား ဥယျာဉ်ခြံမြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ထွက်ရှိလာသော ဖာလာစေ့များအား သစ်တောခွန် ကင်းလွတ်ခွင့်** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်အတွင်း မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေးလွင်ပြင် ဦးစီးဌာနအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကရေအခက်အခဲရှိနေခြင်းကြောင့် လုပ်ငန်းများသတ်မှတ်ချိန်အတွင်း လုပ်ဆောင်နိုင်မှုမရှိသဖြင့် လိုအပ်သော ရေများ ရရှိရေးအတွက် မည်သို့ ဆောင်ရွက်ပေးနိုင်မည့်** အစီအစဉ် နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ချောင်းဖုံ ရေလှောင်တမံ(အလောင်းစည်သူရေကူတမံ) တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဝေးလံခေါင်းပါး အရပ်ဒေသများတွင် နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ဒေသန္တရ ရှားပါးစရိတ်အဖြစ် ၎င်းတို့ရရှိသည့် မူရင်းလစာထက် အနည်းဆုံး တစ်ဆ ပိုများသော ငွေကြေးထပ်ဆောင်း ပံ့ပိုးမှု ပြုလုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **အိမ်နီးချင်းနိုင်ငံများ၏ ငွေကြေးအား မြန်မာကျပ်ငွေသဖွယ် သုံးစွဲနေခြင်းနှင့် လက်ဝယ်ထားရှိခြင်းများ ပြုနေသည့် အခြေအနေနှင့် စပ်လျဉ်း၍ မူဘောင် အတွင်း အကန့်အသတ်ဖြင့် ခွင့်ပြုပေးရသည့် အစီအမံတစ်ရပ် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံပါရှိသော မြန်မာငွေစက္ကူများ ထုတ်လုပ်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များအား တရားဝင် မှတ်ပုံတင်ပြီး လိုင်စင်ပြုလုပ်ရာ၌ ပေးဆောင်ရသည့် အခွန်အခများကို ဖြေလျှော့ပေးပြီး သင့်တင့်မျှတသော ဈေးနှုန်းသတ်မှတ်၍ ဆောင်ရွက်ပေးနိုင်မည့်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသော နိုင်ငံသားများမှ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ပေးသော လုပ်ခငွေများကို လွယ်ကူချောမောစွာ ပို့ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **မြန်မာနိုင်ငံမှ ထွက်ရှိသော အရည်အသွေးမီ သစ်သီးဝလံများ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေး၊ ထိုက်တန်သော ဈေးနှုန်းရရှိနိုင်ရေးအတွက် နိုင်ငံတကာ သစ်သီးဝလံဈေးကွက်မှ တောင်းဆိုသော Certifications များကို ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော တောင်သူများသို့ GAP , Organic Certificate အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **စိုက်ပျိုးရေးတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် သစ်သီးဝလံများ အခွန်ကင်းလွတ်ခွင့်ပေးရေး** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **ပညာရေးဝန်ကြီးဌာနမှ ခန့်ထားပြီးသော ဘွဲ့ရအထွေထွေလုပ်သားများကို ဆရာအတတ်သင်ကျောင်းသို့ တက်ရောက်ခွင့် ရရှိစေပြီး မူလတန်းပြဆရာ/ဆရာမအဖြစ် ပြောင်းလဲခန့်ထားနိုင်ပါက ၎င်းတို့ဘဝတက်လမ်း ပွင့်လင်းလာမည်ဖြစ်ပါ၍ အသက်ကန့်သတ်ချက်နှင့် ကျောင်းဝင်ခွင့် စည်းမျဉ်းများ ပြင်ဆင်ချမှတ်ပေးသင့်ပါကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

( ခ ) ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

( ဂ ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

၈။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မြန်မာနိုင်ငံပညာရေးကို ပြန်လည်ဆန်းစစ်၍ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

( ခ ) ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

( ဂ ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

(ဃ) ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( င ) ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

( စ ) ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

(ဆ) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ဇ ) ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

( ဈ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(ည) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

၉။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက်မြင့်မားစေရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက်ဆောင်ရွက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၀။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **နိုင်ငံအတွင်းရှိ မြို့ပြများနှင့် နီးပြီး ငြိမ်းချမ်းမှု မရှိသော ဒေသများနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များနှင့် တွေ့ကြုံခံစားနေရသော အခက်အခဲများအား စစ်ကြောင်းကြီးများနှင့် သွားရောက်၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၂။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၃။ အမျိုးသားလွှတ်တော်၊ ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင် ၏ **အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ (Intellectual Property Rights) ဥပဒေများဖြစ်သည့် တီထွင်မှု ပိုင်ဆိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်း အကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်ရန်** အစီရင်ခံစာကို အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၄။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၅။ အမျိုးသားလွှတ်တော်၊ ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်၏ **၁၉၅၈ ခုနှစ်၊ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ နိုင်ငံခြားခုံသမာဓိ ဆုံးဖြတ်ချက်အား အသိအမှတ်ပြုရေးနှင့် ဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေး ကွန်ဗင်းရှင်းကို နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံရေးကိစ္စနှင့် အဆိုပါကွန်ဗင်းရှင်းကို လက်ခံပြီးနောက် နိုင်ငံခြားခုံသမာဓိ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်ရေး** အစီရင်ခံစာကို အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၆။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၇။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဘိုကြီး(ခ)ဦးအောင်ငွေ ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း။

၁၈။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတစ်ယောက် ကွယ်လွန်ခဲ့ပါက အမျိုးသားလွှတ်တော်က လူမှုရေး ကူညီထောက်ပံ့ပေးနိုင်ရန် လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။

၁၉။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တတိယနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် စတုတ္ထနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အကြောင်းကြားမည်ဖြစ်ကြောင်း ကြေညာခြင်း။